# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# [ ၂၁–၁–၂၀၁၅ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ တစ်ဝှမ်းလုံး၌ ဒေသန္တရဆည် (လက်လုပ်ရေလွှဲဆည်)များကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းကျဆင်းနေမှုအပေါ် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ထိန်းညှိဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များအား နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းနယ်မြေများအဖြစ် ဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်များရှိ ပဲခူး–စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပေးရန်နှင့် တိမ်ကောနေသော ချောင်း၊ မြောင်းများအား တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **တရုတ်ကုန်သည်တို့အား တရုတ်အစိုးရက ဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်နေခြင်းကြောင့် မြန်မာနိုင်ငံသားကုန်သည်နှင့် ဒေသခံတောင်သူများအတွက် အကြွေးများ ပြန်လည်ရရှိရန် အခက်အခဲဖြစ်နေပါသဖြင့် နိုင်ငံတော်မှ ယင်းအခက်အခဲအား မည်သို့ ကူညီဖြေရှင်းပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးခင်မောင်ညို၊ လွိုင်ကော် မဲဆန္ဒနယ်က **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှ ထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများ ပေးသွင်းခြင်း မရှိဘဲ တရားမဝင် (မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင် (မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် သွားရောက် ရောင်းချနေခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများနှင့် ပူးပေါင်း၍ ထိရောက်စွာ တားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်က **“ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ ပါဝင်ဖွဲ့စည်းသည့် တရားစီရင်ရေး ကြီးကြပ်သည့် ကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် လိုအပ်ပါကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးတီခွန်မြတ်၊ ကွတ်ခိုင် မဲဆန္ဒနယ်က **“ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊

၉။ **“ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း”** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။